ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

အမိန့်ကြော်ငြာစာအမှတ် ( ၄၄ / ၂၀၁၅ )
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများဟုခေါ် တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများ၏ နည်းဥပဒေ ၂၊ နည်းဥပဒေခွဲ(င)၏ နောက်၌ နည်းဥပဒေခွဲ (စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက် ရမည်-

"(စ) အခွန်ဆိုသည်မှာ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ ခွင့်ပြုမိန့် ရရှိသူက မှတ်ကောင် ဝတ်ဆံသွင်းခြင်းအတွက် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်ကိုဆိုသည်"

၃။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများ၏ နည်းဥပဒေ ၄ အား အောက်ပါအတိုင်းအစားထိုးရမည်-

"၄။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်အပေါ် လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီး သဘောထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

( ခ ) အစိုးရအဖွဲ့၏သဘောတူညီချက်နှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးရေးအတွက် စာချုပ်ချုပ်ဆိုရန် လျှောက်ထားသူအား အကြောင်းကြားရမည်။

( ဂ ) လျှောက်ထားသူအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် စာချုပ် ချုပ်ဆိုစေရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ စာချုပ် ချုပ်ဆိုပြီးနောက် သတ်မှတ်ထားသည့် အခကြေးငွေကို လျှောက်ထားသူထံမှ လက်ခံရရှိလျှင် ခွင့်ပြုမိန့်ကိုပုံစံ(မပလ-၃)ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။

( င ) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ) အရ လျှောက်ထားချက်အပေါ် လိုအပ်သည့် စိစစ်မှုများပြုလုပ်ပြီးခွင့်ပြုမိန့် ထုတ်ပေးရေးအတွက် စာချုပ်ချုပ်ဆိုရန် လျှောက်ထားသူအား အကြောင်းကြားရမည်။

( စ ) နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)အရ လျှောက်ထားသူအား နည်းဥပဒေခွဲ (ဂ)တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်စေရမည်။

(ဆ) နည်းဥပဒေခွဲ(စ)အရ စာချုပ် ချုပ်ဆိုပြီးနောက် သတ်မှတ်ထားသည့် အခကြေးငွေကို လျှောက်ထားသူထံမှ လက်ခံရရှိလျှင် ခွင့်ပြုမိန့်ကို ပုံစံ( မပလ-၄ ) ဖြင့် လျှောက်ထားသူအား ထုတ်ပေးရမည်။"

၄။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြည်ထောင်စုဝန်ကြီး၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။"

၅။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၇ အား အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို လည်းကောင်း၊ ပုဒ်မခွဲ(ခ)အရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုလည်းကောင်း ခွင့်ပြုသက်တမ်းကာလ ၁၅ နှစ်ဖြင့် ထုတ်ပေးရမည်။

(ခ) ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့် သက်တမ်း မကုန်မီ ၃နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့် သက်တမ်းမကုန်မီ ၃ နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက တစ်ကြိမ်လျှင် ၅ နှစ်စီဖြင့် သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

(ဃ) မုတ်ခွံရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလာပါက စိစစ်ပြီး ခွင့်ပြုမိန့်ကို တစ် နှစ် သက်တမ်းဖြင့် ထုတ်ပေးနိုင်သည်။ ခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၃ လ ကြိုတင်၍ သက်တမ်းတိုးလျှောက်ထားလာလျှင် သတ်မှတ်ချက်နှင့်ညီညွတ်ပါက တစ်ကြိမ်လျှင် တစ်နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။"

၆။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၉ တွင် နည်းဥပဒေခွဲ(ခ)၏ နောက်၌ နည်းဥပဒေခွဲ (ဂ)၊ (ဃ) နှင့် (င) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) မုတ်ကောင်သားဖောက်မွေးမြူခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် မုတ်ကောင်သားဖောက် ကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသူကို အသုံးပြုရမည်။

(ဃ) မှတ်ကောင်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် ကျွမ်းကျင်သူကိုဖြစ်စေ၊ မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ် ရရှိထားသူကိုဖြစ်စေ အသုံးပြုရမည်။

(င) မှတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မှတ်ကောင် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် ပုလဲမွေးမြူရေး၊ ရေငုပ်ကျွမ်းကျင်သူကို အသုံးပြုရမည်။

၇။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၉ ၏ နောက်တွင် "အခန်း(၄) ငွေကြေးဆိုင်ရာပြဋ္ဌာန်းချက်များ" ခေါင်းစဉ်အဖြစ် ဖြည့်စွက်ရမည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) တွင် ပါရှိသော "ငွေကျပ် ၁,၀၀၀,၀၀၀ (ကျပ် တစ်ဆယ်သိန်း)" ဆိုသည့် စကားရပ်အသီးသီးကို "ကျပ်သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ဂ)တွင် ပါရှိသော "ငွေကျပ် ၂၀,၀၀၀(ကျပ်နှစ်သောင်း)"ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ အခန်း(၄)၊ နည်းဥပဒေ ၁၀ ၏ နောက်တွင် နည်းဥပဒေ ၁၁၊ နည်းဥပဒေ ၁၂ နှင့် နည်းဥပဒေ ၁၃ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၁။ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)အရ ခွင့်ပြုမိန့်ရရှိသူသည် မှတ်ကောင်များ ဝတ်ဆံသွင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်ပြီးစီးပြီး ရက်ပေါင်း(၃၀)အတွင်း ဝတ်ဆံသွင်းမှတ်ကောင် အရေအတွက်ကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ အတည်ပြုထောက်ခံချက်နှင့်အတူ သတ္တုတွင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၁၂။ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည်-

(က) မှတ်ကောင်များ ဝတ်ဆံသွင်းပြီးသည့်နောက် ဝတ်ဆံသွင်းမှတ်ကောင်အတွက် အခွန်ကို အကြောင်းကြားစာ ရရှိပြီး ရက်ပေါင်း ၃၀ အတွင်း ပေးဆောင်ရန် ခွင့်ပြုမိန့် ရရှိသူထံ အကြောင်းကြားရမည်။

(ခ) ခွင့်ပြုမိန့်ရရှိသူက လျှောက်ထားလာလျှင် ဝတ်ဆံသွင်းမှတ်ကောင်များအတွက် အခွန်ပေးဆောင်ရမည့် ကာလသတ်မှတ်ချက်ကို လိုအပ်သလို တိုးမြှင့်ပေးနိုင်သည်။

၁၃။ ခွင့်ပြုမိန့်ရရှိသူက ဤနည်းဥပဒေများအရ ပေးဆောင်ရမည့် ဝတ်ဆံသွင်းမှတ်ကောင်များအတွက် အခွန်ကိုသတ်မှတ်ချက်နှင့်အညီ မြန်မာကျပ်ငွေဖြင့် သတ္တုတွင်းဦးစီးဌာနသို့ ပေးဆောင် ရမည်။"

၁၁။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၁ အား အခန်း(၄)၊ နည်းဥပဒေ ၁၄ အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၂ အား နည်းဥပဒေ ၁၅ အဖြစ် ပြန်လည် အမှတ်စဉ်ပြီး နည်းဥပဒေခွဲ (ဂ)၏နောက်၌ နည်းဥပဒေခွဲ(ဃ) နှင့် (င) တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာ ပုံစံ (မပလ-၁၅)တွင်လည်းကောင်း၊

(င) မုတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်း အတွက် လျှောက်လွှာပုံစံ(မပလ-၁၆)တွင်လည်းကောင်း"

၁၃။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၃ အား နည်းဥပဒေ ၁၆ အဖြစ် ပြန်လည် အမှတ်စဉ်ပြီး နည်းဥပဒေခွဲ (ဃ)တွင် "ပုံစံ(မပလ-၁၄) ဖြင့်လည်းကောင်း" ၏ နောက်၌ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"မုတ်ကောင်သားဖောက် ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ(မပလ-၁၇)ဖြင့်လည်းကောင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ(မပလ-၁၈ ) ဖြင့် လည်းကောင်း"

၁၄။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၄ အား နည်းဥပဒေ ၁၇ အဖြစ် ပြန်လည် အမှတ်စဉ်ပြီး နည်းဥပဒေခွဲ (က)တွင် ပါရှိသော "ကျပ် ၃၀၀၀" ဆိုသည့် စကားရပ်ကို"ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)တွင်ပါရှိသော"ကျပ် ၅၀၀" ဆိုသည့် စကားရပ် ကို"ကျပ် ၅,၀၀၀"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ (ဂ)တွင် ပါရှိသော "ကျပ် ၅၀၀" ဆိုသည့်စကားရပ်ကို "ကျပ် ၅,၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၅။ ပြန်လည်အမှတ်စဉ်ထားသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၇၊ နည်းဥပဒေ ခွဲ(ဂ)၏ နောက်၌ နည်းဥပဒေခွဲ (ဃ)နှင့် (င)တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူတစ်ဦး - ကျပ် ၅၀၀၀

(င) မုတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူတစ်ဦး - ကျပ် ၅၀၀၀"

၁၆။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၅ အား နည်းဥပဒေ ၁၈ အဖြစ် ပြန်လည် အမှတ်စဉ်ပြီး နည်းဥပဒေခွဲ(က)တွင်ပါရှိသော "ကျပ် ၂၀၀၀" ဆိုသည့် စကားရပ်ကို "ကျပ် ၂၀၀၀၀" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ (ခ)တွင်ပါရှိသော "ကျပ် ၅၀၀" ဆိုသည့်စကားရပ်ကို "ကျပ် ၂၀၀၀" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ နည်းဥပဒေခွဲ(ဂ)တွင် ပါရှိသော "ကျပ် ၅၀၀" ဆိုသည့်စကားရပ်ကို "ကျပ် ၂၀၀၀"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၇။ ပြန်လည်အမှတ်စဉ်ထားသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (ဂ)၏ နောက်၌ နည်းဥပဒေခွဲ (ဃ)နှင့် (င) တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူတစ်ဦး - ကျပ် ၂၀၀၀

(င) မုတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူတစ်ဦး - ကျပ် ၂၀၀၀"

၁၈။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၆ နှင့် နည်းဥပဒေ ၁၇တို့ကို ပယ်ဖျက်ရမည်။

၁၉။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၈ အား နည်းဥပဒေ ၁၉ အဖြစ် ပြန်လည်အမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ နည်းဥပဒေ ၁၇ နှင့် နည်းဥပဒေ ၁၈ တို့တွင် ဖော်ပြထားသည့် မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေးတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။"

၂၀။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆ နှင့် ၂၇ တို့ကို နည်းဥပဒေ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နှင့် ၂၈ တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်။

၂၁။ ပြန်လည်အမှတ်စဉ်ထားသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၆ နည်းဥပဒေခွဲ (က)တွင် ပါရှိသော "မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေများ အခန်း(၄)၊ (၅)နှင့် (၆)တို့အား အခန်း(၅)၊ (၆) နှင့် (၇)တို့ အဖြစ် ပြန်လည်အမှတ်စဉ်၍ အခန်း(၇)၏ နောက်တွင် အခန်း(၈)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"အခန်း(၈)

တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၉။ ဝန်ကြီးဌာနသည် ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးဖြတ်နိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တန်ဖိုးဖြတ်အဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

(င) အထွေထွေမန်နေဂျာ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(စ) ပုလဲဆိုင်ရာကျွမ်းကျင်ပညာရှင်တစ်ဦးမှလေးဦးအထိ — အဖွဲ့ဝင်

(ဆ) ဒုတိယအထွေထွေမန်နေဂျာ (ရောင်းချဖြန့်ဖြူးရေး) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း — အတွင်းရေးမှူး

၃၀။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တန်ဖိုးဖြတ်အဖွဲ့သည် ပုလဲတန်ဖိုးသတ်မှတ်ခြင်းကို ပြည်တွင်း၊ ပြည်ပဖက်စပ် ပုလဲမွေးမြူရေးကုမ္ပဏီများအတွက် ပုလဲတစ်ကြိမ်ဖော်ပြီးလျှင်တစ်ကြိမ်ဆောင်ရွက်ရမည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ဥက္ကဋ္ဌသည် တန်ဖိုးသတ်မှတ်ရန် လိုအပ်ပါကအစည်းအဝေးကို အချိန်မရွေး ခေါ်ယူခွင့်ရှိသည်။

(ဂ) တန်ဖိုးဖြတ်အဖွဲ့၏ အဖွဲ့ဝင် ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

(ဃ) တန်ဖိုးဖြတ်အဖွဲ့သည် အစည်းအဝေး တက်ရောက်သည့် အဖွဲ့ဝင် အများစု၏ သဘောတူညီချက်ဖြင့် တန်ဖိုးသတ်မှတ်ရမည်။

(င) တန်ဖိုးဖြတ်အဖွဲ့သည် တန်ဖိုးဖြတ်ရာတွင် လိုအပ်ပါက ပုလဲဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများကို ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံနိုင်သည်။

(စ) တန်ဖိုးဖြတ်အဖွဲ့သည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့် ရရှိထားသော ပုလဲထုတ်လုပ်သည့် ကုမ္ပဏီများ၏ ဖော်ယူရရှိသော ပုလဲများကို စာချုပ်ပါအတိုင်း အချိုးကျခွဲဝေသည့် အစီအစဉ်ကို ကြီးကြပ်ဆောင်ရွက်ရမည်။"

၂၃။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ အခန်း(၇)ကို အခန်း(၉)အဖြစ် ပြောင်းလဲသတ်မှတ်ပြီး နည်းဥပဒေ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ နှင့် ၃၃ တို့ကို နည်းဥပဒေ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅ နှင့် ၃၆ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၄။ ပြန်လည်အမှတ်စဉ်ထားသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၅ တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၅။ ပြန်လည်အမှတ်စဉ်ထားသော မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၆ ၏ နောက်တွင် နည်းဥပဒေ ၃၇၊ နည်းဥပဒေ ၃၈ နှင့် နည်းဥပဒေ ၃၉ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)အရ ခွင့်ပြုမိန့် ရရှိထားသော ကုမ္ပဏီများသည် မုတ်ကောင်များကို ဝတ်ဆံသွင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ဘဏ္ဍာရေးနှစ်အလိုက် ဝတ်ဆံသွင်းမွေးမြူမည့် စီမံချက်အား နှစ်စဉ်ကြိုတင် တင်ပြရမည်။

( ခ) စီမံချက်တွင် ဝတ်ဆံသွင်းမည့်မုတ်ကောင် အမျိုးအစားအလိုက် ဖော်ပြရမည် ဖြစ်ပြီး လအလိုက်ဝတ်ဆံသွင်းမည့် အရေအတွက်ကိုပါ ဖော်ပြရမည်။

( ဂ) အဆိုပါစီမံချက်အား နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(စ)အရ ချုပ်ဆိုသည့် စာချုပ်ပါ ပူးတွဲအုပ်ချုပ်မှုကော်မတီ အစည်းအဝေးတွင် ဆွေးနွေး အတည်ပြုရမည်၊

(ဃ) နေ့စဉ်ဝတ်ဆံသွင်းသည့် မုတ်ကောင်အရေအတွက်ကို ပုံစံ(မပလ-၁၉)တွင် လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရမည်။

( င) စီမံချက်အရ အကောင်အထည်ဖော်ရာတွင် ဝတ်ဆံသွင်းသည့် လုပ်ငန်းစဉ် အသေးစိတ်အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ နေ့စဉ် တင်ပြရမည်။

( စ) လစဉ် ဝတ်ဆံသွင်းသည့် အစီရင်ခံစာနှင့် ဝတ်ဆံသွင်းလုပ်ငန်း ပြီးစီးပါကလည်း အစီရင်ခံစာ အချုပ်အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ တင်သွင်းရမည်။

(ဆ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသည် ဝတ်ဆံသွင်းလုပ်ငန်း ပြီးစီးကြောင်း အစီရင်ခံစာ ရရှိပါက လိုအပ်သလို စိစစ်ပြီး မှန်ကန်ပါက နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(စ)အရ ချုပ်ဆိုသည့် စာချုပ်ပါ ပူးတွဲအုပ်ချုပ်မှုကော်မတီ အစည်းအဝေး တွင် တင်ပြအတည်ပြုရမည်။

( ဇ) ဝတ်ဆံသွင်းသည့် မုတ်ကောင်အရေအတွက်ဟုဆိုရာတွင် အလုပ်သင်မွေးမြူရေးမှူး များသွင်းသောမုတ်ကောင်များနှင့် သင်တန်းသားများအတွက် လေ့ကျင့်ဆောင်ရွက်သော မုတ်ကောင်များသည် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)နှင့် အကျုံးမဝင်စေရ။ (အလုပ် သင် မွေးမြူရေးမှူးများနှင့် ပုလဲမွေးမြူရေးမှူး သင်တန်းသားများအတွက် လေ့ကျင့် သင်ကြား ဝတ်ဆံသွင်းသည့် မုတ်ကောင် အရေအတွက်သည် တစ်ဦးချင်း အတွက် တစ်နှစ်လျှင် (၃၀၀၀) ကောင် ထက်မပိုစေရ)

( ဈ) ဝတ်ဆံသွင်းသည့် မုတ်ကောင်အရေအတွက်တွင် ပုလဲကောင်းများ ထွက်ရှိရန် သုတေသန ပြုလုပ်သော ဝတ်ဆံသွင်းမုတ်ကောင်များသည် ဤဥပဒေနှင့် အကျုံး မဝင်စေရ။ (ခွင့်ပြုမိန့် ရရှိပြီးသော စခန်းတစ်ခုလျှင် သုတေသနပြု မုတ်ကောင် အရေအတွက်သည် တစ်နှစ်လျှင် (၂၀၀၀)ကောင်ထက်မပိုစေရ)

(ည) အလုပ်သင်မွေးမြူရေးမှူး၊ ပုလဲမွေးမြူရေးမှူး သင်တန်းသားဆိုသည်မှာ ပုလဲမွေးမြူ ရေးမှူး လိုင်စင်မရရှိသေးသော ပုဂ္ဂိုလ်ကို ဆိုလိုပါသည်။

၃၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)အရ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရမည့် ဝတ်ဆံသွင်း မုတ်ကောင် အမျိုးအစားမှာ *Pinctada maxima* အမျိုးအစား မုတ်ကောင်သာလျှင်၊

အကျုံးဝင်စေရမည်။ အခြား မည်သည့် မုတ်ကောင်သော် လည်းကောင်း၊ ခရုသော်လည်းကောင်း၊ ဂုံးကောင်သော်လည်းကောင်း၊ ကမာကောင်သော်လည်းကောင်း အကျုံးဝင် ခြင်းမရှိစေရ။

၃၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ ခွင့်ပြုမိန့်ရရှိသူသည် ၎င်း၏ ကြီးကြပ်မှုအောက်ရှိ ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းတွင် ဘေးအန္တရာယ် ကင်းရှင်းရန်နှင့် မတော်တဆ ဖြစ်ပွားမှုများမှ ကာကွယ်ရန်လိုအပ်သော အစီအစဉ်များအား ဆောင်ရွက်ထားရမည်။ အထူးသဖြင့် အောက်ပါတို့ကို စိစစ်ဆောင်ရွက်ထားရမည်-

(က) အလုပ်ခန့်ထားရာတွင် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ ခန့်ထားရမည်။

(ခ) ဝန်ထမ်းများ၊ အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး နှင့် ကျန်းမာရေးကိစ္စများအပြင် လုပ်ငန်းနှင့်သက်ဆိုင်သော နားလည်နိုင်သည့် ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊ လုံလောက်သော လေ့ကျင့်မှု အစီအစဉ်များကို ဆောင်ရွက်ပေးရမည်။

(ဂ) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၏ ထူးခြားမှုအပေါ် မူတည်ပြီး ကြိုတင် မျှော်မှန်းနိုင်သော သဘာဝနှင့် လုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်များအား အရေးပေါ် ကာကွယ်နိုင်မည့် စီမံချက်ကို စီစဉ်ထားရှိရမည်။

(ဃ) လုပ်ငန်းခွင်တွင် ဝန်ထမ်းနှင့် အလုပ်သမားများ ဘေးအန္တရာယ်တွေ့ကြုံနိုင်ဖွယ်ရှိ၊ မရှိကို အချိန်မှန် စိစစ်သုံးသပ်ရမည်။

(င) သင့်လျော်သော အန္တရာယ်ကာကွယ်ရေးဝတ်စုံ၊ ဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများနှင့် အခြားအစီအမံများကို အခမဲ့ ပံ့ပိုးပေးရမည်။

(စ) မည်သည့်အချိန်၌ မဆို ရေပေါ်ရေအောက်လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်သည့် ပုဂ္ဂိုလ်ဝန်ထမ်း၊ အလုပ်သမားများ၏ အမည်၊ ရာထူးအဆင့်၊ လုပ်ငန်းတာဝန်နှင့် ရောက်ရှိနေသည့် နေရာများကို ဖော်ပြသိရှိနိုင်သည့်စနစ်တစ်ခုကို စီစဉ်ထားရှိရမည်။

(ဆ) ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများ၊ အလုပ်သမားများအား သင့်လျော်သော ဆေးဝါး ကုသမှုကို ခံယူနိုင်ရေးအတွက် ကုသရာနေရာသို့ ရောက်ရှိအောင် အမြန်ဆုံး ဆောင် ရွက်ပေးရမည်။

(ဇ) ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများ၊ အလုပ်သမားများအား အခမဲ့ဆေးဝါးကုသမှု ခံယူနိုင်ရန်အတွက် ဆောင်ရွက်ပေးရမည်။"

ဒေါက်တာ မြင့်အောင်
ပြည်ထောင်စုဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၅ ခွဲ (၂) ၁၅ (၄၀၄၇)
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံးရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး (                    )
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(ဋ္ဌေးအောင်)
ညွှန်ကြားရေးမှူးချုပ်
သတ္တုတွင်းဝန်ကြီးဌာန

ပုံစံ (မပလ - ၁၅)

မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန်
မှတ်ပုံတင်ခွင့်လျှောက်လွှာ
[ နည်းဥပဒေ ၁၂ (ဃ) ]

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

ရက်စွဲ -----------------

အကြောင်းအရာ။ ။မုတ်ကောင်သားဖောက်ကျွမ်းကျင်သူ အဖြစ်လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း။

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေနှင့်အညီ မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ၏အမည်(မြန်မာ / အင်္ဂလိပ်) -----------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ -----------------------------------
နိုင်ငံကူးလက်မှတ်အမှတ် -----------------------------------

၃။ လူမျိုး၊ နိုင်ငံသား -----------------------------------

၄။ မိဘအမည် -----------------------------------

၅။ မွေးသက္ကရာဇ် (အသက်) -----------------------------------

၆။ ရရှိထားသော ပညာအရည်အချင်း -----------------------------------
(ဘွဲ့လက်မှတ် မိတ္တူမှန်ပူးတွဲလျက်) -----------------------------------

၇။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း -----------------------------------
မှ ထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်နှင့် -----------------------------------
အဆင့် -----------------------------------

၈။ လျှောက်ထားသူ၏ နေရပ်လိပ်စာ အပြည့်အစုံ -----------------------------------

၉။ လုပ်ငန်းနှင့် ပတ်သက်သော အတွေ့အကြုံများ -----------------------------------
(ခုနှစ် သက္ကရာဇ်အလိုက် ဖော်ပြရန်) -----------------------------------

၁၀။ တာဝန်ထမ်းဆောင်ခဲ့သော လုပ်ငန်းဌာန -----------------------------------
(နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက -----------------------------------
အထောက်အထား စာရွက်စာတမ်းများ ပူးတွဲလျက်) -----------------------------------

၁၁။ လက်ရှိ အလုပ်အကိုင် -----------------------------------

၁၂။ ဌာနဆိုင်ရာ အရေးယူ အပြစ်ပေးခံရခြင်း၊ ပြစ်မှု -----------------------------------
ပြစ်ဒဏ်ကျခံခဲ့ဖူးခြင်း ရှိ/မရှိ -----------------------------------

၁၃။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များ နှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်။ ပျက်ကွက်ပါက ထိုက်သင့်သော အရေးယူမှုကို ခံယူပါမည်။

လက်မှတ် ------------------------

အမည် ------------------------

ကုမ္ပဏီ ------------------------

ပုံစံ (မပလ - ၁၆)

# မုတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့်လျှောက်လွှာ

[ နည်းဥပဒေ ၁၂ (င) ]

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

ရက်စွဲ ----------------

အကြောင်းအရာ။ မုတ်ကောင်ပြုစု စောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ကိုင်နိုင်ရန် မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း။

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေနှင့်အညီ မုတ်ကောင်ပြုစု စောင့်ရှောက်သည့်လုပ်ငန်း ကျွမ်းကျင်သူအဖြစ် လုပ်ငန်းလုပ်ကိုင် နိုင်ရေး အတွက် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | လျှောက်ထားသူ၏အမည်၊(မြန်မာ / အင်္ဂလိပ်) | ---------------------------- |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ | ---------------------------- |
| | နိုင်ငံကူးလက်မှတ်အမှတ် | ---------------------------- |
| ၃။ | လူမျိုး၊ နိုင်ငံသား | ---------------------------- |
| ၄။ | မိဘအမည် | ---------------------------- |
| ၅။ | မွေးသက္ကရာဇ် (အသက်) | ---------------------------- |
| ၆။ | ရရှိထားသော ပညာအရည်အချင်း | ---------------------------- |
| | (ဘွဲ့လက်မှတ် မိတ္တူမှန်ပူးတွဲလျက်) | ---------------------------- |
| ၇။ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ---------------------------- |
| | မှထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်နှင့် | ---------------------------- |
| | အဆင့် | ---------------------------- |
| ၈။ | လျှောက်ထားသူ၏ နေရပ်လိပ်စာ အပြည့်အစုံ | ---------------------------- |
| ၉။ | လုပ်ငန်းနှင့် ပတ်သက်သော အတွေ့အကြုံများ | ---------------------------- |
| | (ခုနှစ် သက္ကရာဇ်အလိုက် ဖော်ပြရန်) | ---------------------------- |
| ၁၀။ | တာဝန်ထမ်းဆောင်ခဲ့သော လုပ်ငန်းဌာန | ---------------------------- |
| | (နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက | ---------------------------- |
| | အထောက်အထား စာရွက်စာတမ်းများ ပူးတွဲလျက်) | ---------------------------- |
| ၁၁။ | လက်ရှိ အလုပ်အကိုင် | ---------------------------- |
| ၁၂။ | ဌာနဆိုင်ရာ အရေးယူ အပြစ်ပေးခံရခြင်း၊ ပြစ်မှု | ---------------------------- |
| | ပြစ်ဒဏ်ကျခံခဲ့ဖူးခြင်း ရှိ/မရှိ | ---------------------------- |

၁၃။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်။ ပျက်ကွက်ပါက ထိုက်သင့်သော အရေးယူမှုကို ခံယူပါမည်။

လက်မှတ် ---------------------

အမည် ---------------------

ကုမ္ပဏီ ---------------------

ပုံစံ (မပလ - ၁၇)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သတ္တုတွင်းဝန်ကြီးဌာန
# မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
# မုတ်ကောင်သားဖောက်ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်

[ နည်းဥပဒေ ၁၃ (ဃ) ]

မှတ်ပုံတင်အမှတ် -----------

ရက်စွဲ -----------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၀ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်လက်မှတ် ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| ၁။ | မှတ်ပုံတင်လက်မှတ်ရရှိသူ၏အမည်<br>(မြန်မာ / အင်္ဂလိပ်) | ------------------------------<br>------------------------------ |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊<br>နိုင်ငံကူးလက်မှတ်အမှတ် | ------------------------------<br>------------------------------ |
| ၃။ | လူမျိုး၊ နိုင်ငံသား | ------------------------------ |
| ၄။ | မိဘအမည် | ------------------------------ |
| ၅။ | မွေးသက္ကရာဇ် / အသက် | ------------------------------ |
| ၆။ | ရရှိထားသောပညာအရည်အချင်း | ------------------------------ |
| ၇။ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မှ ထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာလက်မှတ် နှင့်အဆင့် | ------------------------------<br>------------------------------ |
| ၈။ | နေရပ်လိပ်စာအပြည့်အစုံ | ------------------------------ |
| ၉။ | မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်း | မုတ်ကောင်သားဖောက်မွေးမြူရေး ကျွမ်းကျင်သူ |
| ၁၀။ | ခွင့်ပြုသည့်ဒေသ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းလက်အောက်ရှိဌာနဆိုင်ရာပုလဲကွန်းစခန်းများနှင့်မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း ထူထောင်ထားသော ဖက်စပ်လုပ်ငန်းများရှိရာ ပုလဲမွေးစခန်းများ |
| ၁၁။ | မှတ်ပုံတင်လက်မှတ်သက်တမ်း | ------------------------------ |
| ၁၂။ | မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်ရက်စွဲ | ------------------------------ |

၁၃။ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ----------------------------------------

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းကထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ (ကျောဘက်တွင် ဖော်ပြထားပါသည်။)

လက်မှတ် ------------------------------

အမည် ------------------------------

ဦးဆောင်ညွှန်ကြားရေးမှူး

စည်းကမ်းချက်များ

(၁) ဤမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူသာလျှင် မှတ်ကောင်သားဖောက်မွေးမြူရေး ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

(၂) လုပ်ငန်းခွင်အတွင်းသို့ တာဝန်ရှိသူများမှ လာရောက်စစ်ဆေးစဉ် လိုအပ်ပါက ဤလက်မှတ်အား ပြသ စစ်ဆေးခံရမည်။

(၃) မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀)ကြိုတင်၍ မှတ်ပုံတင်လက်မှတ်အသစ် ထပ်မံလျှောက်ထားရမည်။

(၄) ခွင့်ပြုသက်တမ်းကာလ ကျော်လွန်နေသော မှတ်ပုံတင်လက်မှတ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်မရှိ။

(၅) မှတ်ပုံတင်လက်မှတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့်မရှိ။

(၆) အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

ပုံစံ (မပလ - ၁၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်
[ နည်းဥပဒေ ၁၃ (ဃ) ]

မှတ်ပုံတင်အမှတ် -----------

ရက်စွဲ ----------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၀ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား မှတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူအဖြစ် လုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်လက်မှတ် ထုတ်ပေးလိုက်သည်-

၁။ မှတ်ပုံတင်လက်မှတ်ရရှိသူ၏အမည် ----------------
(မြန်မာ / အင်္ဂလိပ်) ----------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------
နိုင်ငံကူးလက်မှတ်အမှတ် ----------------

၃။ လူမျိုး၊ နိုင်ငံသား ----------------

၄။ မိဘအမည် ----------------

၅။ မွေးသက္ကရာဇ် / အသက် ----------------

၆။ ရရှိထားသောပညာအရည်အချင်း ----------------

၇။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ----------------
မှ ထုတ်ပေးသော ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်နှင့် ----------------
အဆင့်

၈။ နေရပ်လိပ်စာအပြည့်အစုံ ----------------

၉။ မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်း — မှတ်ကောင်ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူ

၁၀။ ခွင့်ပြုသည့်ဒေသ — မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း လက်အောက်ရှိဌာနဆိုင်ရာပုလဲကျွန်းစခန်းများနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းထူထောင်ထားသောဖက်စပ်လုပ်ငန်းများရှိရာ ပုလဲမွေးစခန်းများ

၁၁။ မှတ်ပုံတင်လက်မှတ်သက်တမ်း ----------------

၁၂။ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်ရက်စွဲ ----------------

၁၃။ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ------------------------------------

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မြန်မာ့ပုလဲလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းကထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၅။ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ (ကျောဘက်တွင် ဖော်ပြထားပါသည်။)

လက်မှတ် ------------------------------

အမည် ------------------------------

ဦးဆောင်ညွှန်ကြားရေးမှူး

စည်းကမ်းချက်များ

(၁) ဤမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူသာလျှင် မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

(၂) လုပ်ငန်းခွင်အတွင်းသို့ တာဝန်ရှိသူများမှ လာရောက်စစ်ဆေးစဉ် လိုအပ်ပါက ဤလက်မှတ်အား ပြသ စစ်ဆေးခံရမည်။

(၃) မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း(၃၀)ကြိုတင်၍ မှတ်ပုံတင်လက်မှတ်အသစ် ထပ်မံလျှောက်ထားရမည်။

(၄) ခွင့်ပြုသက်တမ်းကာလ ကျော်လွန်နေသော မှတ်ပုံတင်လက်မှတ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်မရှိ။

(၅) မှတ်ပုံတင်လက်မှတ်အား လွှဲပြောင်းကိုင်ဆောင်ခွင့်မရှိ။

(၆) အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

ပုံစံ (မပလ - ၁၉)

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
( )ကျွန်း ပုလဲမွေးမြူရေးစခန်း
ခွဲစိတ်ခန်းလုပ်ဆောင်ချက်
[ နည်းဥပဒေ ၂၁ (ဃ) ]

အမှတ်စဉ် ---------------------
ရက်စွဲ ---------------------

၁။ လုပ်ငန်းဆောင်ရွက်ချက်(ဝတ်ဆံသွင်း) ---------------------
၂။ အမည် / Initial ---------------------
၃။ လုပ်ငန်းဆောင်ရွက်သည့်နေရာ/စခန်း ---------------------
၄။ မုတ်ကောင်အမျိုးအစား ---------------------
၅။ ဝတ်ဆံသွင်းမုတ်ကောင်အရေအတွက် ---------------------
၆။ အသုံးပြု Mantle မုတ်ကောင်အမျိုးအစား ---------------------
၇။ Mantle လှီးဖြတ်သူ ---------------------
၈။ အသုံးပြုဝတ်ဆံလုံး အမျိုးအစားနှင့်အရေအတွက်

(က) ---------------------
(ခ) ---------------------
(ဂ) ---------------------
(ဃ) ---------------------
(င) ---------------------

၉။ မှတ်ချက် ---------------------

စခန်းတာဝန်ခံ ခွဲစိတ်ခန်းတာဝန်ခံ ဌာနကိုယ်စားလှယ်